http://www.uparama.com



သူကြီး၏ သမီးဖြစ်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါပန်းပဲသမားပညာရှိ ဖြစ်ပြီ" ဟု ဇာတ်ကို ပေါင်းတော်မူ၏။

**ဆောင်ပုဒ်။ ။ပဏ္ဍိတ်ကိုမှ၊ ပညာပြ၊ မုချထင်ပေါ်မည်။**

နှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော သူစိဇာတ်သည် ပြီး၏။

* * * * *

## ၁၃-တုဏ္ဍိလဇာတ်

### ရဲရင့်ခြင်းကြောင့် သေဘေးမှလွတ်ခြင်း

**ဟောတော်မူရာဌာန** နတ်နှင့်တကွသော လောကကို ဆုံးမတော်မူ တတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "နဝဆန္ဒကေ"အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤတုဏ္ဍိလဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် သေဘေးကိုကြောက်တတ်သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဟောတော်မူ၏။

**ပစ္စုပ္ပန်ဝတ္ထု** ထိုရဟန်းသည် သာဝတ္ထိပြည်၌နေသော အမျိုးသားသည် ဖြစ်သတတ်။ ထိုအမျိုးသားသည် ရဟန်းပြု၍ သေဘေးကို ကြောက်တတ်၏။ အနည်းငယ်လည်းဖြစ်သော သစ်ခက်လှုပ်ခြင်း လှင့်ကံကျခြင်းကိုလည်းကောင်း, ငှက်သံ အခြေလေးချောင်းရှိသော သားတို့၏ အသံကိုလည်းကောင်း, ထိုသို့သဘောရှိသော တစ်ပါးသောအသံကိုလည်းကောင်း ကြား၍ သေဘေးကို ကြောက်သည်ဖြစ်၍ ဝမ်းသို့ဝင်သကဲ့သို့ တုန်လှုပ်လျက်သွား၏။ ရဟန်းတို့သည် တရားသဘင်၌ "ငါ့ရှင်တို့....ဤမည်သော ရဟန်းသည် အနည်းငယ်လည်းဖြစ်သော အသံကိုကြား၍ မြည်တမ်းလျက် ပြေး၏။ ဤသတ္တဝါတို့အား သေခြင်းသည်သာလျှင် မြဲ၏။ အသက်သည် မမြဲ၊ အသင့်အားဖြင့် နှလုံးသွင်းခြင်းကို ပြုအပ်သည်မဟုတ်တုံလော"ဟု စကားကို ဖြစ်စေကုန်၏။ သဗ္ဗညုမြတ်စွာဘုရားသည် လာလတ်တော်မူ၍ "ရဟန်းတို့....ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကုန်သနည်း"ဟု မေးတော်မူလတ်၍ "ဤမည်သောစကားဖြင့် စည်းဝေးပါကုန်၏"ဟု နားတော်လျှောက်သည်ရှိသော် ထိုရဟန်းကို ခေါ်တော်မူ၍

http://www.uparama.com



"ရဟန်း....သင်သည် သေဘေးကို ကြောက်တတ်သောဟူသည် မှန်သလော"ဟု မေးတော်မူလတ်၍ "ဘုန်းတော်ကြီးသော အရှင်ဘုရား....မှန်ပေ၏"ဟု ထိုရဟန်းသည် ဝန်ခံသည်ရှိသော် "ရဟန်းတို့....ဤရဟန်းသည် ယခုအခါ၌ သာလျှင် သေဘေးကို ကြောက်တတ်သည်မဟုတ်သေး၊ ရှေး၌လည်း သေဘေးကို ကြောက်တတ်သည်သာလျှင်တည်း"ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

**အတိတ်ဝတ္ထု**

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဝက်မဝမ်း၌ ပဋိသန္ဓေယူ၍ ဝက်မသည် ကိုယ်ဝန်ရင့်လတ်သော် နှစ်ခုကုန်သော ဝက်ငယ်တို့ကို ဖွား၏။ ထိုဝက်မသည် တစ်နေ့သ၌ သားငယ်တို့ကိုယူ၍ တစ်ခုသော တွင်း၌ဝပ်၏။

## ဝက်ငယ် ၂-ကောင်

ထိုအခါ ဗာရာဏသီမြို့တံခါး၌နေသော တစ်ယောက်သော မိန်းမအိုသည် ဝါခင်းမှ တောင်းပြည့်အောင် ဝါကိုယူ၍ တောင်ဝှေးဖြင့် မြေကိုထောက်လာ၍။ ဝက်မသည် ထိုအသံကိုကြား၍ သေဘေးကိုကြောက်သဖြင့် သားငယ်နှစ်ခုတို့ကို စွန့်၍ ပြေး၏။ မိန်းမအိုသည် ဝက်ငယ်တို့ကို မြင်၍ သားအမှတ်ကိုပြု၍ တောင်း၌ထည့်၍ အိမ်သို့ဆောင်၍ အကြီးအား "မဟာတုဏ္ဍိလ"ဟူသော အမည်, အငယ်အား "စူဠတုဏ္ဍိလ"ဟူသော အမည်ကို မှည့်၍ ထိုဝက်ငယ်တို့ကို သားငယ်ကဲ့သို့ မွေး၏။ ထိုဝက်ငယ်တို့သည် နောက်အဖို့၌ ကြီးကုန်၍ ပြည့်ဖြိုးသောကိုယ်ရှိကုန်၏။

## ဝက်ငယ်ကိုရောင်းပြီ

"ဤဝက်တို့ကို ငါတို့အား အဖိုးဖြင့်ပေးကုန်လော့"ဟု ဆိုသည်ရှိသော် မိန်းမအိုသည် "ဤဝက်တို့သည် ငါ၏သားငယ်တို့တည်း"ဟု ဆို၍ တစ်စုံတစ်ယောက်သော သူအား မပေး။ ထိုအခါ တစ်ခုသော ပွဲသဘင်ကာလ၌ သေသောက်ကြူးသူတို့သည် သေကိုသောက်ကုန်၏။ အသားကုန်သည်ရှိသော် အသားကို ဘယ်မှာရာရလတ္တံ့နည်းဟု စုံစမ်းကုန်လတ်သော် သူအိုမအိမ်၌ ဝက်တို့ရှိသော အဖြစ်ကိုသိ၍ အဖိုးကိုယူ၍ အိမ်သို့သွား၍ "မိခင် အဖိုးကိုယူ၍ ငါတို့အား တစ်ခုသော ဝက်ကို ပေးပါလော့"ဟု ဆိုကုန်၏။ ထိုသူအိုမသည် "အမောင်တို့ ဤဝက်

http://www.uparama.com



တို့သည် ငါ့သားတို့တည်း၊ အဖိုးဖြင့် အလိုမရှိ"ဟု ပယ်၏။ သေသောက်ကြူး တို့သည် "မိခင်....ဝက်တို့မည်သည်ကား လူတို့၏သား မဖြစ်ကုန်၊ ထိုဝက်တို့ကို ပေးလော့"ဟု အဖန်တလဲလဲတောင်းသော်လည်း မရ၍ သူအိုမကို သေသောက် စေ၍ ယစ်သောကာလ၌ "မိခင်....ဝက်တို့ဖြင့် အသို့ပြုအံ့နည်း၊ အဖိုးကိုယူ၍ ရိက္ခာပြုလော့"ဟု သူအိုမ၏လက်၌ အသပြာတို့ကို ထားကုန်၏။ သူအိုမသည် အသပြာတို့ကိုယူ၍ "အမောင်တို့ မဟာတုဏ္ဍိလကို ပေးခြင်းငှာ မတတ်ကောင်း၊ စူဠတုဏ္ဍိလကို ယူကြကုန်လော့"ဟု ဆို၏။

## ကြောက်၍ အဖမ်းမခံ

"ထိုစူဠတုဏ္ဍိလသည် အဘယ်မှာနည်း"ဟု မေး၏။ "တစ်ခုသော ချုံ၌ ရှိ၏"ဟု ဆို၍ သေသောက်ကြူးသူတို့သည် အဖိုးဖြင့် ထမင်းခွက်ကို ဆောင်စေ ကုန်၏။ သူအိုမသည် အဖိုးဖြင့် ထမင်းကိုယူ၍ တံခါးဝ၌ တည်သော ဝက်စား ကျင်းကို ပြည့်စေ၍ စားကျင်းအနီး၌ တည်၏။ သုံးကျိပ် အတိုင်းအရှည် ရှိသော သေသောက်ကြူးတို့သည်လည်း ကျော့ကွင်းလက်စွဲကုန်လျက် ထိုအရပ်၌လျှင် တည် ကုန်၏။ သူအိုမသည် "ချစ်သား စူဠတုဏ္ဍိလ၊ လာလော့"ဟု စူဠတုဏ္ဍိလအား အသံပြု၏။ မဟာတုဏ္ဍိလသည် ထိုအသံကြား၍ "ဤမျှလောက်သော ကာလပတ်လုံး ငါ၏အမိသည် စူဠတုဏ္ဍိလအား အသံမပေးစဖူး၊ ငါ့ကိုသာလျှင် ရှေးဦးစွာခေါ်၏၊ ယနေ့ ငါတို့အား မချွတ်သေဘေးဖြစ်လတ္တံ့"ဟု သိ၍ မဟာတုဏ္ဍိလသည် ညီ ကိုခေါ်၍ "ညီထွေး စူဠတုဏ္ဍိလ....ငါ့အမိသည် သင့်ကိုခေါ်၏၊ သွားချေ၊ ရှေးဦး စွာ စုံစမ်းချေ လော့"ဟု ဆို၏။ စူဠတုဏ္ဍိလသည် ချုံမှထွက်၍ ထမင်းစားကျင်း၏ အနီး၌ ထိုလူတို့၏ တည်သောအဖြစ်ကိုသိ၍ "ယနေ့ ငါ့အား သေဘေးရောက်ပြီ"ဟု ဘေးဖြင့် ကြောက်သည်ဖြစ်၍ တုန်လှုပ်လျက် အစ်ကိုအထံသို့လာ၍ ခိုင်ခံ့စွာ တည် အံ့သောငှာ မတတ်နိုင်၍ တုန်လှုပ်လျက်လည်း၏။ မဟာတုဏ္ဍိလသည် စူဠတုဏ္ဍိလ ကိုမြင်၍ "ညီထွေး စူဠတုဏ္ဍိလ....သင်သည် ယခုလည်း၏၊ ပြေးဝင်ရာအရပ်ကို ကြည့်၏၊ အဘယ်အကြောင်းကြောင့် ထိုအမှုကို ပြုသနည်း"ဟု မေး၏။ စူဠတုဏ္ဍိလ သည် မိမိမြင်သောအကြောင်းကို ဆိုလို၍-

http://www.uparama.com



**၈၉။ နဝဆန္နကေဒါနိ ဒီယျတိ၊ ပုဏ္ဏာ ယံ ဒေါဏိ သုဝါမိနီ ဌိတာ။**
**မဟုကေ ဇနေ ပါသပါဏိကေ၊ နော စ ခေါ မေ ပဋိဘာတိ ဘုဉ္ဇိတုံ–**

ဟူသော ရှေးဦးစွာသော ဤဂါထာကို ဆို၏။

၈၉။ ဘာတိက၊ နောင်တော်။ ဣဒါနိ၊ ယခုအခါ၌။ နဝဆန္နကော၊ သစ်သောအစာတို့ဖြင့် ပြည့်သော ဝက်စားကျင်းကို။ ဒီယျတိ၊ ပေးအပ်၏။ အယံ–ဒေါဏိ၊ ဤစားကျင်းသည်။ ပုဏ္ဏာ၊ စင်ကြယ်သော အစာတို့ဖြင့် ပြည့်၏။ သုဝါမိနီ၊ ငါတို့၏အမိသည်လည်း။ ဌိတာ၊ စားကျင်း၏အနီး၌ တည်၏။ ပါသပါဏိကော၊ လက်၌ကျော့ကွင်းရှိသော။ ဗဟုကော၊ များစွာသော။ ဇနော၊ လူအပေါင်းသည်လည်း။ ဌိတော၊ စားကျင်း၏အနီး၌ တည်၏။ ဣဒံ ဘတ္တံ၊ ဤအစာကို။ ဝါ၊ ဤအစာသည်။ ဘုဉ္ဇိတုံ၊ စားခြင်းငှာ။ မေ၊ ငါ့အား။ နော စ ခေါ ပဋိဘာတိ၊ နှစ်သက်ခြင်းကို မဖြစ်စေ။

(၁–နဝဆန္နကေဒေါဏိ ဒီယျတိတိ ဧတ္ထ အာကာရဿ ဧကာရပဇ္ဇနတာ ဝိယ အညက္ခရဿ အညက္ခရတာ ပဇ္ဇနတာ ဝဏ္ဏဝိကာရော နာမ။–**မဟာနိဒ္ဒေသ အဋ္ဌကထာ။**)

**အမှာ။** ။နဝဆန္နကေဒါနိ ဒီယျတိတိ ဘာတိက ပုဗ္ဗေ အမှာကံ ၊ ကုဏ္ဍကံ ယာဂု ဝါ ဈာမဘတ္တံ ဝါ ဒီယျတိ၊ အဇ္ဇ ပန နဝဆန္နကံ နဝါကာရံ ဒါနံ ဒီယျတိ။– ဇာ–ဋ္ဌ၊ ၂၇၁

## သီလကို ဆောက်တည်ပါ

ထိုစကားကိုကြား၍ ဘုရားလောင်းသည် “ညီထွေး စူဠတုဏ္ဍိလ....ဤအရပ်၌လျှင် ဝက်တို့ကိုမွေးသော ငါတို့၏ အမိသည် အကြင်အကျိုးငှာ မွေး၏၊ ထိုအကျိုးသည် ယနေ့ အပြီးသို့ရောက်ပြီ၊ သင်သည် မစိုးရိမ်လင့်”ဟု သာယာသော အသံဖြင့် ဘုရားကဲ့သို့သော တင့်တယ်ခြင်းဖြင့် တရားဟောလိုသည်ဖြစ်၍–

**၉၀။ တသသိ ဘမသိ လေဏမိစ္ဆသိ၊ အတ္တာဏောသိ ကုဟိံ ဂမိဿသိ။**
**အပ္ပေါဿုက္ကော ဘုဉ္ဇ တုဏ္ဍိလ၊ မံသတ္ထာယ ဟိ ပေါသိတာမှသေ။**

**၉၁။ ဩဂဟ ရဟဒံ အကဒ္ဒမံ၊ သဗ္ဗံ သေဒမလံ ပဝါဟယ။**
**ဂဏှာဟိ နဝံ ဝိလေပနံ၊ ယဿ ဂန္ဓော န ကဒါစိ ဆိဇ္ဇတိ။–**

http://www.uparama.com



ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏။

၉၈။ တာတ တုဏ္ဍိလ၊ ညီတွေး စူဠတုဏ္ဍိလ။ တွံ၊ သင်သည်။ တသသိ၊ လန့်၏။ ဘမသိ၊ လည်၏။ လေဏံ၊ ပုန်းအောင်းရာကို။ ဣစ္ဆသိ၊ အလိုရှိ၏။ အတ္တာဏော၊ ကိုးကွယ်ရာမရှိသည်။ အသိ၊ ဖြစ်၏။ ကုဟိံ၊ အဘယ်သို့။ ဂမိဿသိ၊ သွားလတ္တံ့နည်း။ အပ္ပေါဿုက္ကော၊ ကြောင့်ကြမဲ့။ ဘုဉ္ဇ၊ စားလော့။ မံသတ္ထာယ ဟိ၊ အသား၏အကျိုးငှာသာလျှင်။ ပေါသိတာမှသေ၊ မွေးအပ်ကုန်၏။

၉၉။ အကဒ္ဒမံ၊ ညွန်မရှိသော။ ရဟဒံ၊ ရေကန်သို့။ ဩဂယှ၊ သက်လော့။ သဗ္ဗံ၊ အလုံးစုံသော။ သေဒလမံ၊ ချွေးအညစ်အကြေးကို။ ပဝါဟယ၊ ဆေးလော့။ ယဿ၊ အကြင်နံ့သာပျောင်း၏။ ဂန္ဓော၊ အနံ့သည်။ ကဒါစိ၊ တစ်ရံတစ်ဆစ်၌။ န ဆိဇ္ဇတိ၊ မပြတ်။ နဝံ၊ အသစ်ဖြစ်သော။ ဝိလေပနံ၊ နံ့သာပျောင်းကို။ ဂဏှာဟိ၊ ယူလော့။

ဆယ်ပါးသော ပါရမီတို့ကို ဆင်ခြင်၍ မေတ္တာပါရမီကို ရှေ့ထား၍ ရှေးဦးစွာသော ဂါထာပုဒ်ဖြင့် ရွတ်သည်သာလျှင် ဖြစ်သော ဘုရားလောင်း၏ အသံသည် အလုံးစုံ တစ်ဆယ့်နှစ်ယူဇနာရှိသော ဗာရာဏသီပြည်ကို လွှမ်း၍သွား၍။ ကြားတိုင်း ကြားတိုင်းသော ခဏ၌ပင်လျှင် အိမ်ရှေ့မင်းအစရှိကုန်သော သူတို့ကို အစပြု၍ ဗာရာဏသီပြည်၌ နေကုန်သောသူတို့သည် လာကုန်၏။ မလာကုန်သော သူတို့သည်လည်း အိမ်၌နေလျက်သာလျှင် နာကုန်၏။ မင်း၏ ပရိသတ်တို့သည် ချုံတို့ကို ဖျက်ဆီး၍ မြေကို ညီညွတ်စွာပြု၍ သဲတို့ကို ကြဲကုန်၏၊ သေသောက်ကြူးတို့အား သုရာယစ်ခြင်းသည် ပြေ၏။ ကျော့ကွင်းတို့ကို စွန့်ကုန်၍ တရားနာကုန်လျက်သာလျှင် တည်ကုန်၏။ သူအိုမ-အားလည်း သုရာယစ်ခြင်းသည် ပြေ၏။ ဘုရားလောင်းသည် လူအပေါင်း၏ အလယ်၌ စူဠတုဏ္ဍိလအား ဓမ္မဒေသနာကို အားထုတ်၏။ ထိုစကားကို ကြား၍ စူဠတုဏ္ဍိလသည် "ငါ့အစ်ကိုသည် ဤသို့ ဆို၏။ ငါတို့၏အနွယ်၌ ရေကန်သို့သက်၍ ကိုယ်မှ ချွေးအညစ်အကြေးကို လျှော်ခြင်းသည်လည်းကောင်း, နံ့သာသစ်ကို ယူခြင်းသည် လည်းကောင်း တစ်စုံတစ်ခုသော ကာလသည် မရှိ၊ အဘယ်ကိုရည်၍ အစ်ကိုသည် ငါ့ကို ဤသို့ ဆိုသနည်းဟု မေးလိုရကား-

http://www.uparama.com



**၉၁။ ကတမော ရဟာဒေါ အကဒ္ဒမော၊ ကိ'သု သေဒမလန္တိ ဝုစ္စတိ။**
**ကတမဥ္စ နဝံ ဝိလေပနံ၊ ယဿ ဂန္ဓော န ကဒါစိ ဆိဇ္ဇတိ။–**

ဟူသော လေးခုမြောက်သော ဂါထာကို ဆို၏။

၉၁။ အကဒ္ဒမော၊ ညွန့်မရှိသော။ ရဟာဒေါ၊ ရေကန်ဟူသည်။ ကတမော၊ အဘယ်နည်း။ ကိ'သု၊ အဘယ်ကိုလျှင်။ သေဒမလန္တိ၊ ချွေးအညစ်အကြေးဟူ၍။ ဝုစ္စတိ၊ ဆိုအပ်သနည်း။ ယဿ၊ အကြင်နံ့သာပျောင်း၏။ ဂန္ဓော၊ အနံ့သည်။ ကဒါစိ၊ တစ်ရံတစ်ဆစ်၌။ န ဆိဇ္ဇတိ၊ မပြတ်။ နဝံ၊ အသစ်ဖြစ်သော။ တံ ဝိလေပနံ၊ ထိုနံ့သာပျောင်းသည်။ ကတမံ၊ အဘယ်နည်း။

ထိုစကားကိုကြား၍ ဘုရားလောင်းသည် "ညီတော်း စူဠတုဏ္ဍိလ....ထိုသို့တပြီးကား ချသောနားရှိသည်ဖြစ်၍ နာလော့"ဟု ဘုရားကဲ့သို့သော တင့်တယ်ခြင်းဖြင့် တရားဟောလိုရကား–

**၉၂။ ဓမ္မော ရဟာဒေါ အကဒ္ဒမော၊ ပါပံ သေဒမလန္တိ ဝုစ္စတိ။**
**သီလဉ္စ နဝံ ဝိလေပနံ၊ တဿ ဂန္ဓော န ကဒါစိ ဆိဇ္ဇတိ။**

**၉၃။ နန္ဒန္တိ သရီရဃာတိနော၊ န စ နန္ဒန္တိ သရီရဓာရိနော။**
**ပုဏ္ဏာယ စ ပုဏ္ဏမာသိယာ၊ ရမမာနာဝ ဇဟန္တိ ဇီဝိတံ။–**

ဟူသော ဂါထာတို့ကို ဟော၏။

၉၂။ တာတ စူဠတုဏ္ဍိလ၊ ညီတော်း စူဠတုဏ္ဍိလ။ ဓမ္မော၊ နိဗ္ဗာန်တရားကို။ အကဒ္ဒမော၊ ကိလေသာ ညွန့်မရှိသော။ ရဟာဒေါ၊ ရေကန်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ပါပံ၊ မကောင်းမှုကို။ သေဒမလန္တိ၊ ချွေးအညစ်အကြေးဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ သီလဉ္စ၊ သီလကိုလည်း။ နဝံ၊ အသစ်ဖြစ်သော။ ဝိလေပနံ၊ နံ့သာပျောင်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ တဿ၊ ထိုသီလ၏။ ဂန္ဓော၊ အနံ့သည်။ ကဒါစိ၊ တစ်ရံတစ်ဆစ်၌။ န ဆိဇ္ဇတိ၊ မပြတ်။

၉၃။ သရီရဃာတိနော၊ သတ္တဝါကို သတ်ကုန်သော သူတို့သည်။ နန္ဒန္တိ၊ နှစ်သက်ကုန်၏။ သရီရဓာရိနော၊ ကိုယ်ကို ဆောင်ကုန်သော သူတို့သည်။ န စ နန္ဒန္တိ၊ မနှစ်သက်ကုန်။ ပုဏ္ဏာယ၊ ပြည့်ထသော။ ပုဏ္ဏမာသိယာ၊ လပြည့်နေ့၌။

http://www.uparama.com



ရမမာနာဝ၊ မွေ့လျော်ကုန်လျက်လျှင်။ သီလာစာရသမ္ပန္နာ၊ သီလအကျင့်နှင့် ပြည့်စုံသောသူတို့သည်။ ဇီဝိတံ၊ အသက်ကို။ ဇဟန္တိ၊ စွန့်ကုန်၏။

ဤသို့ ဘုရားလောင်းသည် သာယာသောအသံဖြင့် သဗ္ဗညုမြတ်စွာဘုရားကဲ့သို့သော တင့်တယ်ခြင်းဖြင့် တရားဟော၏။ လူအပေါင်းတို့သည် လက်ချောင်းတို့ကို ခါကုန်၏။ ပုဆိုး ဦးရစ်ပစ်ခြင်းတို့ကို ဖြစ်စေကုန်၏။ ကောင်းချီးပေးသော အသံသည် ကောင်းကင်၌ ပြည့်၏။

## မင်းကြီး ကယ်မပြီ

ဗာရာဏသီမင်းသည် ဘုရားလောင်းအား မင်းအဖြစ်ဖြင့် ပူဇော်၍ သူ့အိုမအား စည်းစိမ်ကိုပေး၍ ဝက်နှစ်ခုတို့ကိုလည်း ယူ၍ နံ့သာရေဖြင့် ချိုး၍ နံ့သာအစရှိသည်တို့ဖြင့် လိမ်း၍ လည်တို့၌ ပတ္တမြားရတနာတို့ကိုဆင်၍ မြို့သို့ ဆောင်၍ သားအရာ၌ထား၍ များစွာသော အခြံအရံဖြင့် လုပ်ကျွေး၏။ ဘုရားလောင်းဝက်မင်းသည် ပဉ္စသီတို့ကိုပေး၏။ ခပ်သိမ်းကုန်သော ဗာရာဏသီပြည်၌ နေကုန်သောသူတို့သည်လည်း ပဉ္စသီတို့ကို စောင့်ကုန်၏။ ဘုရားလောင်းသည်လည်း ထိုသူတို့အား ပက္ခ-နေ့တို့၌ တရားဟော၏။ တရားဆုံးဖြတ်ရာ အရပ်၌နေ၍ တရားဆုံးဖြတ်၏။ ထိုဘုရားလောင်းသည် ထင်ရှားရှိစဉ် ကောက်ကျစ်စဉ်းလဲသောတရားကို ပြုသောသူတို့မည်သည် မဖြစ်ကုန်။ နောက်အဖို့၌ မင်းသည်သေ၏။ ဘုရားလောင်းသည်ကား ထိုမင်း၏အလောင်းကို ပူဇော်ခြင်း, သင်္ဂြိုဟ်ခြင်းကို ပြုစေ၍ အဆုံးအဖြတ်တို့ကို ပေ၌ ရေးစေ၍ "ဤစာကိုကြည့်၍ တရားဆုံးဖြတ်ကြလော့" ဟု ဆို၍ လူအများအား တရားဟော၍ မမေ့မလျော့ခြင်းဖြင့် ဆုံးမ၍ ခပ်သိမ်းကုန်သော လူတို့၏ ငိုကုန်စဉ် စူဠတုဏ္ဍိလနှင့်တကွ တောသို့ဝင်၏။ ထိုအခါ ဘုရားလောင်း၏ အဆုံးအမသည် အနှစ်ခြောက်သောင်း တည်၏။

**ဇာတ်ပေါင်း** သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။

သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ သေဘေးကို ကြောက်တတ်သော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏။ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်းဟူမူကား- "ယခုအခါ အာနန္ဒာသည် ထိုအခါ မင်းဖြစ်ပြီ၊ ယခုအခါ သေဘေးကို

ကြောက်တတ်သော ရဟန်းသည် ထိုအခါ စူဠတုဏ္ဍိလဖြစ်ပြီ၊ ယခုအခါ ဘုရားပရိသတ်တို့သည် ထိုအခါ ပရိသတ် ဖြစ်ကုန်ပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ မဟာတုဏ္ဍိလ ဖြစ်ပြီ"ဟု ဇာတ်ကို ပေါင်းတော်မူ၏။

**ဆောင်ပုဒ်။ ။ညွန်မရှိမှန်၊ ထိုရေကန်၊ နိဗ္ဗာန်အမည်သာ။**

သုံးခုတို့၏ ပြည့်ကြောင်းဖြစ်သော တုဏ္ဍိလဇာတ်သည် ပြီး၏။

* * * * *

## ၁၄–သုဝဏ္ဏကက္ကဋကဇာတ်

### ကျေးဇူးသိသော ရှေ့ပုစွန်အကြောင်း

**ဟောတော်မူရာဌာန** နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "သိင်္ဂီမိဂေါ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသုဝဏ္ဏကက္ကဋကဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် အရှင်အာနန္ဒာမထေရ်သည် သဗ္ဗညုမြတ်စွာဘုရား၏အကျိုးငှာ အသက်ကိုစွန့်ခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏။

**ပစ္စုပ္ပန်ဝတ္ထု** ပစ္စုပ္ပန်ဝတ္ထုကို လေးသမားတို့ကို လွှတ်သည်တိုင်အောင် ခဏ္ဍဟာလဇာတ်၌ ဆိုအပ်၏။ နေပါလဆင်ကို လွှတ်ခြင်းကို စူဠဟံသ, မဟာဟံသဇာတ်၌ ဆိုအပ်၏။

ထိုအခါ တရားသဘင်၌ ရဟန်းတို့သည် "ငါ့ရှင်တို့....တရားဘဏ္ဍာစိုးဖြစ်သော အာနန္ဒာမထေရ်သည် ပဋိသမ္ဘိဒါသို့ ရောက်သော သေက္ခဖြစ်၍ နေပါလဆင်လာသည်ရှိသော် သဗ္ဗညုမြတ်စွာဘုရားအား အသက်ကို စွန့်၏"ဟု စကားကို ဖြစ်စေကြကုန်၏။ သဗ္ဗညုမြတ်စွာဘုရားလည်း ကြွလာတော်မူလတ်၍ "ရဟန်းတို့....ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကုန်သနည်း"ဟု မေးတော်မူ၍ "ဤမည်သောစကားဖြင့် စည်းဝေးပါကုန်၏"ဟု နားတော်လျှောက်သည်ရှိသော် "ရဟန်းတို့....အာနန္ဒာသည် ယခုအခါ၌သာလျှင် ငါ့အား အသက်ကို စွန့်သည် မဟုတ်သေး၊ ရှေး၌လည်း ငါ့အား အသက်ကို စွန့်ဖူးသည်သာလျှင်ကတည်း"ဟု မိန့်တော်မူလတ်၍ အတိတ်ကို ဆောင်တော်မူ၏။